## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
## ဒသမနေ့မှတ်တမ်း

**၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်**

**(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၂၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၇.၉၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမအစည်းအဝေးသို့ မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ ၉၃ ဦးအနက် ယခင်ခွင့်တိုင်ကြားသူ ၇ ဦးရှိပြီး ယနေ့ခွင့်တိုင်ကြားသူ ၈၆ ဦးစာရင်းကို လွှတ်တော်အခွင့်အရေးကော်မတီမှ ကျွန်တော် ဦးစိုးဝင်းကတင်ပြပန်ကြားသွားမှာ ဖြစ်ပါတယ်။

(၁) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁၂ ရက်၊

(၂) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၅ ရက်၊

(၃) တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ ခွင့် ၁၃ ရက်၊

(၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၅) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၆) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၇) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၂ ရက်၊

(၈) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၉) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၁၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၅ ရက်၊

(၁၁) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၁၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၁၃) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၁၄) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးဘထီး ခွင့် ၁ ရက်၊

(၁၅) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၃ ရက်၊

(၁၆) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၅ ရက်၊

(၁၇) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တယ်ဝင် ခွင့် ၅ ရက်၊

(၁၈) ပေါက်တောမဲဆန္ဒနယ်မှ ဦးထွန်းအောင်ခိုင် ခွင့် ၁ ရက်၊

(၁၉) စဥ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး ခွင့် ၃ ရက်၊

(၂၀) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၅ ရက်၊

(၂၁) ပိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၅ ရက်၊

(၂၂) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၂ ရက်၊

(၂၃) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၅ ရက်၊

(၂၄) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၅ ရက်၊

(၂၅) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၅ ရက်၊

(၂၆) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၃ ရက်၊

(၂၇) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၂ ရက်၊

(၂၈) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၂၉) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၅ ရက်၊

(၃၀) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၅ ရက်

(၃၁) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၅ ရက်၊

(၃၂) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၅ ရက်၊

(၃၃) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၅ ရက်၊

(၃၄) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၂ ရက်၊

(၃၅) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၂ ရက်၊

(၃၆) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်၊

(၃၇) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၂ ရက်၊

(၃၈) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၃၉) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၂ ရက်၊

(၄၀) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၃ ရက်၊

(၄၁) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်၊

(၄၂) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၄၃) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၃ ရက်၊

(၄၄) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၂ ရက်၊

(၄၅) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၅ ရက်၊

(၄၆) ဒဂုံမြို့သစ်ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၂ ရက်၊

(၄၇) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၄၈) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၂ ရက်၊

(၄၉) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၅ ရက်၊

(၅၀) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၅ ရက်၊

(၅၁) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၅ ရက်၊

(၅၂) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၅ ရက်၊

(၅၃) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၅ ရက်၊

(၅၄) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၅ ရက်၊

(၅၅) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၅၆) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၅၇) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၁ ရက်၊

(၅၈) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ်(ခ)ဦးခမိုင်တန် ခွင့် ၅ ရက်၊

(၅၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၆၀) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၆၁) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၂ ရက်၊

(၆၂) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ခွင့် ၂ ရက်၊

(၆၃) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၅ ရက်၊

(၆၄) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၅ ရက်၊

(၆၅) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၅ ရက်၊

(၆၆) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၆၇) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း ခွင့် ၂ ရက်၊

(၆၈) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၂ ရက်၊

(၆၉) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၇၀) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၇၁) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၂၆ ရက်၊

(၇၂) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၇၃) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၂ ရက်၊

(၇၄) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၅ ရက်၊

(၇၅) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၅ ရက်၊

(၇၆) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်၊

(၇၇) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၇၈) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၇၉) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၈၀) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၅ ရက်၊

(၈၁) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၈၂) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၅ ရက်၊

(၈၃) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၆ ရက်၊

(၈၄) ဗိုလ်မှူးချုပ်သန်းထွတ်သိန်း တပ်မတော်သားကိုယ်စားလှယ် ခွင့် ၅ ရက်၊

(၈၅) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၃ ရက်၊

(၈၆) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်တိုင်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး ယနေ့ ခွင့်ပြုထားသူ ၈၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၉၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ဖမ်းဆီးရမိသော တရားမဝင်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ မည်သို့အရေးယူဆောင်ရွက်ခြင်းနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုအတွက် စီးပွား/ကူးသန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန ၂ ခု ပေါင်း၍ လုပ်ဆောင်မှုမှာ ထိရောက်မှုရှိပါသလားနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် (ကိုယ်စား) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ဝမ်းတွင်းမဲဆန္ဒနယ် ဦးသန်းမြင့်ရဲ့ (ကိုယ်စား) ကုန်သွယ်ရေးနဲ့ ပတ်သက်၍ မေးခွန်းတစ်ခု မေးမြန်းမှာ ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့အထိ တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ (Mobile Team အဖွဲ့)အနေဖြင့် တန်ဖိုးငွေကျပ် ၆.၃၂ ဘီလီယံကျော်နှင့် ၂၀၁၃ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ ငါးလအတွင်း ကျပ်သိန်း ၁၆၀၀ ကျော်ဖိုးရှိ အကောက်ခွန်မဲ့ တင်သွင်းလာသည့်ကုန်ပစ္စည်းများ ဖမ်းဆီးထုတ်ဖော်နိုင်ခဲ့ကြောင်းကို လေ့လာသိရှိရ ပါတယ်။ နယ်စပ်ဒေသမှာ ၂၀ ရာခိုင်နှုန်းခန့်ရှိသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ် တွင် ၆ ဘီလီယံ ကျော်ဖိုးဆောင်ရွက်နိုင်ခဲ့လျှင် ကုန်သွယ်မှု ၈၀ ရာခိုင်နှုန်းရှိသော ပင်လယ်ရေကြောင်း ကုန်သွယ်မှုအပေါ်တွင် အမှန်ထိရောက်မှုရှိပါက နိုင်ငံ့အတွက်အကျိုးအများကြီး ရှိလာမည်ဖြစ်ပါ တယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ထမ်းများဖြင့် ထိရောက်စွာကာကွယ်နိုင် ရန်လုံလောက်မှုမရှိခြင်းကို သိရှိရပါတယ်။ ဒါပေမယ့် လုံလောက်မှုမရှိခြင်းကြောင့် ပြည်ထဲရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများဖြင့် ပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း ထပ်ဆင့်သိရှိရတဲ့အတွက် ဖမ်းဆီးရမိသော တရားမဝင်ကုန်ပစ္စည်းများကို မည်သို့စီမံခန့်ခွဲမှုရှိသည်၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိသည့်အခါ ပစ္စည်းပိုင်ရှင်ကုန်သည်များအား မည်သို့အရေးယူဆောင်ရွက်ထားသည်၊ ပင်လယ်ရေကြောင်းကုန်သွယ်မှု စွမ်းဆောင်မှုအပေါ်တွင် တန်ဖိုးအားဖြင့် မည်မျှရှိသည်၊ ပင်လယ် ရေကြောင်း ကုန်သွယ်မှုအတွက် ပင်လယ်ပြင်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဌာနနှစ်ခုပေါင်း၍ လုပ်ဆောင်မှုမှာ ထိရောက်မှုရှိပါသလားနှင့် ပင်လယ်ပြင်မှာ ဖမ်းဆီးကာကွယ်နိုင်ရန်အတွက် Mobile Team အဖွဲ့အနေဖြင့် စခန်းမည်မျှဖွင့်လှစ်

ဆောင်ရွက်နေသည်ကို ဆောင်ရွက်နေမှုအမှန်ထိရောက်မှုရှိ/မရှိကိုသိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[ဦးသန်းမြင့်၊ ဝမ်းတွင်းမဲဆန္ဒနယ် (ကိုယ်စား) ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် မေးမြန်းထားတဲ့အချက်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ ဖြစ်ပေါ်လာပုံနှင့်ပတ်သက်ပြီး ဦးစွာ အကျဉ်းချုပ် တင်ပြလိုပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှာ တရားမဝင်ကုန်စည်များ ဝင်ရောက်နေမှုနှင့် ပြည်ပသို့ခိုးထုတ်ရောင်းစားနေမှုများကို ပြည်ထောင်စုအဆင့်ကော်မတီတစ်ရပ် ဖွဲ့စည်း၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ပေးရန် အရေးကြီးအဆိုတင်သွင်းခဲ့သဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ခဲ့မှုအပေါ် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၁၂) ဖြင့် ကုန်သွယ်မှုပြုသည့် ပင်လယ်ရေကြောင်း၊ လေကြောင်း၊ နယ်စပ်ကုန်သွယ်မှုစခန်းများနှင့် နေရာဒေသအသီးသီး၌ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို စစ်ဆေးဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်ရန် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

ဗဟိုကော်မတီဟာ ဖွဲ့စည်းမိန့်ပါ အဓိကတာဝန်ဖြစ်တဲ့ စားသုံးသူ/သုံးစွဲသူကို ထိခိုက်စေသော ကိစ္စရပ်များကိုကာကွယ်ရန်နှင့် နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်အရပ်ရပ်ကောက်ခံရရှိမှုနှင့် အခြားကိစ္စရပ်များ နစ်နာမှုမရှိစေရေး၊ တရားသောယှဉ်ပြိုင်ရောင်းချမှုဖြစ်စေရေးတို့အတွက် စီမံချက်အဆင့် သုံးဆင့်ရေးဆွဲပြီး တစ်နိုင်ငံလုံး ဟန်ချက်ညီညီ တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့နေရာမှာ အဆင့်(၁) အပိုင်း(၁)မှာ နယ်စပ်ကုန်သွယ်ရေးစခန်းအနီးတစ်ဝိုက်တွင် စခန်းမှ ထုတ်နုတ်အင်အားနဲ့ဖွဲ့စည်းထားတဲ့ Mobile Team အဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ အဆင့်(၁) အပိုင်း(၂)မှာ ကုန်သွယ်မှုပြုရာလမ်းကြောင်းများတစ်လျှောက် Mobile Team အဖွဲ့များကို ဗဟိုကော်မတီနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ တာဝန်ယူ၍ Mobile Team များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

အဆင့်(၂)အပိုင်း(၁)မှာ ပြည်တွင်းကမ်းရိုးတန်းသွား ဆိပ်ကမ်းများဖြစ်တဲ့ ဝါးတန်း၊ ဗားကရာ၊ ချောင်းဝ၊ ဘုရင့်နောင်၊ သာကေတ(ရှုခင်းသာ)၊ ယုဇန၊ ကျန်းမာရေး(နန်းသီတာ) ဆိပ်ကမ်းများဖြစ်တဲ့ စုစုပေါင်း ဆိပ်ကမ်းခုနစ်ခုနဲ့ တော်ကလု(ပင်လယ်ဝ) ကနေပြီးတော့ ရန်ကုန်မြစ်တစ်လျှောက် ပုဇွန်တောင်ချောင်းနှင့် ပဲခူးမြစ်တို့ဆုံရာမြစ်ကြောင်းများတစ်လျှောက်မှာ စောင့်ကြည့်စစ်ဆေးရေးအဖွဲ့များနှင့် လှုပ်ရှားမှုအဖွဲ့များနဲ့ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ဗဟိုကော်မတီနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆင့် (၂)အပိုင်း (၂) မှာ ရန်ကုန်တိုင်းဒေသကြီး၊ ကုန်းလမ်းကြောင်းဝင်/ထွက်ပေါက်များကို Mobile Team အဖွဲ့များနဲ့ ဆောင်ရွက်ဖို့ စီစဉ်ထားရှိပါတယ်။ အဆင့်(၂) အပိုင်း(၃)မှာ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွေဖြစ်တဲ့ အေးရှားဝေါ်ဆိပ်ကမ်း၊ ထီးတန်းဆိပ်ကမ်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၊ ဆူးလေဆိပ်ကမ်း၊ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၊ သီလဝါဆိပ်ကမ်း စတဲ့ဆိပ်ကမ်းများကို Mobile Team အဖွဲ့များနဲ့ တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်သွားဖို့ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းလျက်ရှိပါတယ်။

အဆင့်(၃)အပိုင်း(၁)မှာတော့ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှာ Mobile Team အဖွဲ့များနှင့် စစ်ဆေးဆောင်ရွက်ဖို့ စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ အဆင့်(၃)အပိုင်း(၂)မှာ ကုန်ပစ္စည်းများသိုလှောင်တဲ့နေရာတွေမှာ လေကြောင်း၊ ကုန်းကြောင်း၊ ရေလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်လာတဲ့ တရားမဝင်ကုန်ပစ္စည်းများကို သိုလှောင်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်းတို့ကို တွေ့ရှိပါက Mobile Team အဖွဲ့များဖြင့် စစ်ဆေးတားဆီးထိန်းချုပ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီးတော့ သတင်း

ပေးတိုင်ကြားပါကလည်း အချိန်တိုအတွင်းမှာ တရားမဝင်ကုန်ပစ္စည်းများ သိုလှောင်တဲ့နေရာကို Mobile Team အဖွဲ့တွေနဲ့ သွားရောက်စစ်ဆေးဖော်ထုတ်ပြီး ထိရောက်စွာအရေးယူဆောင်ရွက် လျက်ရှိပါတယ်။ အဆင့်(၃) အပိုင်း(၃)ကတော့ လက်လီရောင်းချနေတဲ့ Shopping Mall နဲ့ အရောင်း စင်တာတွေမှာ အခွန်အရပ်ရပ်တိမ်းရှောင်မှုမရှိစေရေးနဲ့ စားသုံးသူအကာအကွယ်ပေးရေးအတွက် တရားမဝင်ကုန်စည်များကို ဥပဒေနှင့်အညီ Mobile Team အဖွဲ့များက လိုက်လံစစ်ဆေးအရေးယူ ဆောင်ရွက်သွားနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသလို ကုန်သွယ်မှုပမာဏတစ်ခုလုံးရဲ့ ၂၀ ရာခိုင်နှုန်းဖြစ်တဲ့ နယ်စပ်ကုန်သွယ်မှုဟာ တရားမဝင်ကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး အရေးယူဆောင်ရွက်ခဲ့ရာမှာ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစတင်ပြီးတော့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ အကောက်ခွန်မယ့်ပစ္စည်းများ သိမ်းဆည်းရရှိမှု ခန့်မှန်းတန်ဖိုး ကျပ် ၁၀.၅၈၈ ဘီလီယံခန့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော် ကြီးရဲ့မေးခွန်း နံပါတ်(၁)ဖြစ်တဲ့ ဖမ်းဆီးရမိတဲ့ တရားမဝင်ကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး စီမံခန့်ခွဲတဲ့ အခါမှာ နိုင်ငံအတွင်းသို့ ပြည်ပမှကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း တစ်နည်းနည်းဖြင့် တင်သွင်းခြင်း၊ နိုင်ငံမှ ပြည်ပသို့ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း တစ်နည်းနည်းဖြင့် တင်ပို့ ခြင်းတွေမှာ အထောက်အထားတစ်စုံတစ်ရာမပါရှိဘဲ တရားမဝင် တင်ပို့/တင်သွင်းပါက လက်ရှိ တည်ဆဲဥပဒေအရ ပို့ကုန်/သွင်းကုန်ဥပဒေ ၂၀၁၂၊ ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေများနဲ့ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ဖမ်းဆီးရမိတဲ့ ပစ္စည်းတွေမှာလည်း အမျိုးအစား ခွဲခြားထားရှိပါတယ်။ ဥပမာ- မူးယစ်ဆေးဝါး လက်နက်ခဲယမ်းတွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ပြီး တရားဥပဒေအရ အရေးယူဆောင်ရွက်ပါတယ်။ တရားမဝင်သတ္တုတွင်းထွက်များကို တင်ပို့/တင်သွင်းရင်လည်း သတ္တု တွင်းထွက်ပစ္စည်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းတရားစွဲဆိုပြီး တရားရုံးဆုံးဖြတ်ချက်အရ သတ္တုတွင်းထွက်ပစ္စည်းများကို သတ္တုတွင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပါတယ်။ နောက်တစ်ခုက တော့ သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်ပြီး သစ်တောဥပဒေအရ အရေးယူနိုင်ရေး သစ်တော ဦးစီးဌာနကို ဖမ်းဆီးရမိပစ္စည်းတွေ လွှဲပြောင်းပေးရတာရှိပါတယ်။ ကျန်တဲ့အကောက်ခွန်မဲ့၊ အထောက် အထားခွင့်ပြုချက်မဲ့၊ တင်ပို့/တင်သွင်းတဲ့ပစ္စည်းများ ဖမ်းဆီးရမိတဲ့အခါမှာ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး နီးစပ်ရာတိုင်းဒေသကြီး၊ ပြည်နယ်အကောက်အခွန်ရုံးများသို့ ပေးပို့အပ်နှံရပါတယ်။ အကောက်ခွန်ဦးစီးဌာနက အကောက်အခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းထားတဲ့ပစ္စည်းတွေကို ဖမ်းဆီး

အမှုတွဲဖွင့်လှစ်တဲ့နေ့ကစပြီးတော့ သတ်မှတ်ရက်အတွင်းမှာ သက်ဆိုင်ရာအကောက်ခွန်ရုံးကိုသွားပြီး ပစ္စည်းပိုင်ရှင်က ဖြေရှင်းတင်ပြရပါတယ်။ သတ်မှတ်ရက်အတွင်းလာရောက် ဖြေရှင်းဆောင်ရွက်ခြင်း မရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး လေလံတင်ရောင်းချလျက်ရှိပါတယ်။ လေလံတင်ရောင်း ချရငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတို့ကိုပေး သွင်းရပါတယ်။

မေးခွန်းနံပါတ်(၂)ဖြစ်တဲ့ ဖမ်းဆီးရမိတဲ့အခါ ပစ္စည်းပိုင်ရှင်နဲ့ ကုန်သည်များကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မှုထားရှိပါသလဲနဲ့ပတ်သက်ပြီး တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟို ကော်မတီအနေနဲ့ လုပ်ငန်းများ စတင်ဆောင်ရွက်တဲ့အခါမှာ မမှားသင့်တာမမှားရအောင် ကုန်သွယ် စက်မှုအသင်းချုပ်နဲ့ ညီနောင်အသင်းများ၊ နယ်စပ်ကုန်သွယ်ရေးအသင်းများ၊ ကုန်သွယ်မှုလမ်း ကြောင်း တစ်လျှောက် မြို့တွေမှာရှိတဲ့ ကုန်သွယ်အသင်း၊ ကားဂိတ်၊ အဝေးပြေးကုန်စည်ပို့ဆောင်ရေး အသင်းတွေကို တစ်လကြိုတင်ပြီး လိုက်လံအသိပေးရှင်းလင်းတင်ပြခဲ့ပါတယ်။ ထို့နောက် မီဒီယာတွေ မှတစ်ဆင့်လည်း အသိပေးတင်ပြခဲ့ပါတယ်။ ဒါ့အပြင် လုပ်ငန်းစတင်တဲ့အချိန်မှာ ပညာပေးကာလ သတ်မှတ်အဖြစ် သတ်မှတ်ပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ကနေ စပြီး ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့အထိ ပင်လယ်ရေကြောင်းအကောက်ခွန်ဥပဒေအရ ပစ္စည်း ကိုသာသိမ်းပြီး ယာဉ်နှင့်ကုန်သွယ်လုပ်ငန်းရှင်များကို အရေးမယူခဲ့ပါဘူး။ ဒါ့ကြောင့်မို့လည်း ယာဉ် တစ်စီးဖမ်းမိသွားရင် နောက်ဆက်တွဲ နှစ်စီး/သုံးစီးစာတရားမဝင်ကုန်သွယ်မှုကို ပြန်လုပ်လာတာ ကို တွေ့ရှိရပါတယ်။

ဒါ့ကြောင့်မို့လို့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ နံနက် ၆ နာရီမှစတင်ပြီး ပို့ကုန်/ သွင်းကုန်ဥပဒေနဲ့ပါ အရေးယူဆောင်ရွက်မယ်ဆိုပြီးတော့ ကြိုတင်အသိပေးကြေညာခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့နောက်ပိုင်း ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ကုန်ပစ္စည်း အမျိုးအစားပေါ်မူတည်၍ ပို့ကုန်/သွင်းကုန်ဥပဒေ ၂၀၁၂ အပြင် ပင်လယ်ရေကြောင်း အကောက် ခွန်ဥပဒေတို့နဲ့ အရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်းနံပါတ်(၃) ဖြစ်တဲ့ ကုန်သွယ်မှု ၈၀ ရာခိုင်နှုန်းရှိသော ပင်လယ်ရေကြောင်းကုန်သွယ်မှု စွမ်းဆောင်နိုင်မှုအပေါ် တန်ဖိုးအားဖြင့် မည်မျှရှိပါသလဲ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ဗဟို ကော်မတီအနေနဲ့ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွေမှာ Mobile Team နဲ့စစ်ဆေးဖို့ သက်ဆိုင်ရာ ဌာနများနဲ့ ညှိနှိုင်းဆဲဖြစ်၍ လတ်တလောဝင်ရောက်စစ်ဆေးမှု မရှိသေးကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်းနံပါတ်(၄) ဖြစ်တဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် ပင်လယ်ပြင်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန နှစ်ခုပေါင်း၍ လုပ်ဆောင်မှုမှာ ထိရောက်မှုရှိပါသလားနှင့်ပတ်သက်၍ ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် ပင်လယ်ပြင်အတွင်းမှာ ဆောင်ရွက်နိုင်မှုမရှိသေးသော်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ရေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ အဖွဲ့စုံပါဝင်သော Mobile Team အဖွဲ့များဟာ ရန်ကုန်မြစ်၊ ပင်လယ်ဝနှင့် ကမ်းရိုးတန်းသွား ပြည်တွင်းသင်္ဘော/စက်လှေများ ဆိုက်ကပ်ရာ ပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်းများမှာ ပူးပေါင်းဆောင်ရွက်နေကြောင်းကို တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့ အပါအဝင် အဖွဲ့စုံဖြင့် နေ့/ညစောင့်ကြည့်စစ်ဆေးရေးအဖွဲ့များက ပင်လယ်ဝနဲ့ကမ်းရိုးတန်းဆိပ်ကမ်းများမှာ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တာကြောင့် ပညာပေးကာလ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ထိ ဖမ်းဆီးသိမ်းဆည်းမှု လေးမှု ယာယီသိမ်းဆည်းပြီးလိုင်စင် ID ပြုလုပ်စေပြီး သတ်မှတ်အခွန်ပေးဆောင်စေကာ ဒဏ်ကြေးငွေဖြင့် ပြန်လည်ထုတ်ပေးခဲ့သည့် အမှုတွဲ ၁၅ မှုနှင့် ရဲစခန်းအမှုဖွင့် တစ်မှုရှိခဲ့ပါတယ်။ ပြည်တွင်းကမ်းရိုးတန်းသွားဆိပ်ကမ်းများမှာ ပညာပေးကာလအတွင်းမှာ သိမ်းဆည်းပစ္စည်းတန်ဖိုး၊ ဒဏ်ကြေးတန်ဖိုး၊ သွင်းကုန်ကြေညာလွှာတန်ဖိုး စုစုပေါင်းကျပ်သန်း ၃၃၁.၀၃၅ သန်း ဆောင်ရွက်ခဲ့တာရှိပါတယ်။

အရေးယူကာလအတွင်း ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ သိမ်းဆည်းပြီးသည့်အမှုတွဲ ခြောက်မှု၊ ဒဏ်ကြေးငွေပေးဆောင်စေ၍ ပြန်လည်ထုတ်ပေးခဲ့သည့် အမှုတွဲ ကိုးမှု စုစုပေါင်းအမှုတွဲ ၁၅ မှု၏ တန်ဖိုးမှာ ကျပ်သန်းပေါင်း ၁၆၅.၁၂၅ သန်းဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့နှင့် ပင်လယ်ပြင်စိုးမိုးရေးကို ဆောင်ရွက်နိုင်မှုမရှိသေးသော်လည်း ကမ်းရိုးတန်းသွားသင်္ဘောများဝင်ထွက်သွားလာမှုနှင့် ပြည်တွင်းကမ်းရိုးတန်းသွား သင်္ဘော/စက်လှေများ ဆိုက်ကပ်ရာဆိပ်ကမ်းများကို စောင့်ကြည့်စစ်ဆေးခြင်း၊ လှုပ်ရှားစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ကမ်းရိုးတန်းနယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုဖြစ်တဲ့ ကော့သောင်းစခန်းမှာ ယခင်နှစ် ဇန်နဝါရီလ ၂၄ ရက်နေ့အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၇.၉၄၉ သန်းမှ ယခုနှစ်ကာလတူမှာ အမေရိကန်ဒေါ်လာ ၁၁၉ သန်းအထိတိုးတက်လာတာကြောင့် ကာလတူမှာ ယခင်နှစ်ကထက် ကုန်သွယ်မှုပမာဏ နှစ်ဆအထိ တိုးတက်ခဲ့ကြောင်းကို တွေ့ရှိရပါတယ်။ အကျိုးဆက်တစ်ခုအနေနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုဟာလည်း ပြီးခဲ့တဲ့ဘဏ္ဍာ

နှစ်အလား တူကာလကထက် အမေရိကန်ဒေါ်လာ ၄.၄၄၃ ဘီလီယံခန့်တိုးတက်ခဲ့ပြီးတော့ နယ်စပ်ကုန်သွယ်မှုဟာလည်း ပြီးခဲ့တဲ့ ဘဏ္ဍာနှစ် အလားတူကာလကထက် အမေရိကန်ဒေါ်လာ ၁.၁၃၁ ဘီလီယံခန့် တိုးတက်လာကာ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅.၅၇၄ ဘီလီယံခန့် တိုးတက်လာတာကို တွေ့ရှိရတဲ့အတွက် ထိရောက်မှုရှိကြောင်းကို တင်ပြအပ်ပါတယ်။

မေးခွန်းနံပါတ်(၅) ဖြစ်တဲ့ ပင်လယ်ပြင်မှာ ဖမ်းဆီးကာကွယ်နိုင်ဖို့အတွက် Mobile Team အဖွဲ့အနေနဲ့ စခန်းဘယ်နှစ်ခုဖွင့်ပြီး ဆောင်ရွက်နေပါသလဲ၊ ထိုသို့ဆောင်ရွက်မှုမှာ အမှန်တကယ် ထိရောက်မှု ကာကွယ်နိုင်မှု ရှိ/မရှိနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ဖြေကြားချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်း ရဲတပ်ဖွဲ့အနေနဲ့ ပင်လယ်ပြင်တွင် ဖမ်းဆီးကာကွယ်ရန်အတွက် စခန်းဖွင့်လှစ်ပြီး ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း တရားမဝင်တင်ပို့ရောင်းချနေသော ရေထွက်ပစ္စည်းများနှင့် အခြားပို့ကုန်များကိုစိစစ်၍ ငါးဖမ်းစက်လှေများ၊ အအေးခန်းနှင့် စက်ရုံ/အလုပ်ရုံများ၊ အခြားယာဉ်မျိုးစုံအသုံးပြုသော စက်သုံးဆီအပါအဝင် စက်သုံးဆီ၊ ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ အခြားသွင်းကုန်များကို စိစစ်တားဆီးထိန်းချုပ်ရေးနှင့် ကမ်းရိုးတန်းသင်္ဘောဆိပ်ကမ်းများ ကို Mobile Team အဖွဲ့များဖြင့် တရားမဝင်ကုန်သွယ်မှုကို တားဆီးထိန်းချုပ်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ရေကြောင်းရဲတပ်ဖွဲ့အပါအဝင် အဖွဲ့စုံဖြင့် ဆက်လက်တားဆီးထိန်းချုပ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းခွင့်ပြုပြီးဖြစ်တဲ့ ရေကြောင်းရဲတပ်ဖွဲ့ သုံးခုနှင့် ရေကြောင်းရဲတပ်ဖွဲ့စု ရှစ်စုတို့နဲ့ ရေယာဉ်နှင့် တပ်ဖွဲ့ဝင်အင်အားများ တပ်ဆင်ခန့်အပ်ပြီးပါက Mobile Team များအတွက် အမှန်တကယ်ထိရောက်ပြီး ကာကွယ်မှုပေးနိုင်မည့်အပြင် ပင်လယ်ပြင်၌လည်း ဖမ်းဆီးကာကွယ်မှုများ ပြုလုပ်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီဟာ Mobile Team အဖွဲ့များနှင့် စီမံချက်ရေးဆွဲပြီး အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ အများပြည်သူနှင့် ကုန်သည်လုပ်ငန်းရှင်များသိရှိပြီး အဓိကကုန်သွယ်ရာမြို့ကြီးများဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ မူဆယ်၊ ဘားအံ၊ မော်လမြိုင်၊ မြဝတီမြို့များမှာ ကျယ်ကျယ်ပြန့်ပြန့်အသိပေး ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခဲ့ခြင်း၊ သတင်းမီဒီယာများမှတစ်ဆင့် ကြိုတင်အသိပေးကြေညာခြင်း၊ ထိခိုက်နစ်နာမှုများမရှိစေရန် ပညာပေးကာလများသတ်မှတ်ပြီး စနစ်တကျဆောင်ရွက်ခဲ့ခြင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့ ဗဟိုကော်မတီအထောက်အကူပြုရုံးလုပ်ငန်းအဖွဲ့နဲ့ အတူ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များမှာ ရုံးခွဲများဖွင့်လှစ်ခြင်း၊ Mobile Team အဖွဲ့များကို

လိုအပ်သလို ပေါင်းစပ်ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ယခုနှစ်ဘဏ္ဍာနှစ်အတွင်းမှာ ကုန်သွယ်မှုပမာဏ သိသိသာသာ တိုးတက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်ဖို့ ဟန်ချက်ညီညီဆောင်ရွက်ရာမှာ ကုန်သည်လုပ်ငန်းရှင်များနဲ့ ပြည်သူတစ်ရပ်လုံးမှ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပါက ယခုထက် ပိုမိုထိရောက်အောင်မြင်မည် ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဝါးတန်းဆန်စပါးကုန်စည်ဒိုင်အား နိုင်ငံတကာအဆင့်မီကုန်စည်ဒိုင် (Commodity Exchange Center) အဖြစ် အဆင့်မြှင့်တင် ပြင်ဆင်ခွင့်ပြုရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာနေလင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)။** ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့တင်ပြမေးမြန်းမယ့် မေးခွန်းကတော့ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်ကို နိုင်ငံတကာအဆင့်မီ ကုန်စည်ဒိုင်အဖြစ် (Commodity Exchange Center) အဖြစ် အဆင့်မြှင့်တင်ပြင်ဆင်ခွင့်ပြုရန်နှင့်ပတ်သက်ပြီးတော့ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လုပ်ငန်းသဘောသဘာဝကို ရှင်းလင်းမြင်သာမှုရှိစေရန်အတွက် Power Point ဖြင့် မေးမြန်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ဒီ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ဟာ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းရဲ့ အသင်းအဖွဲ့စည်းမျဉ်းစည်းကမ်းပါအတိုင်း ၁၉၉၂ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီးတော့ ၁၉၉၉ ခုနှစ်ကစတင်ပြီး ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)အဖြစ် ယနေ့အထိဖွင့်လှစ်ခဲ့တဲ့ ဆန်စပါးကုန်စည်ဒိုင်ဖြစ်ပါတယ်။ ဆန်စပါးကုန်စည်ဒိုင်ဟာ ကျွန်တော်တို့ဆိပ်ကမ်းမြို့နယ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရဲ့ဆိပ်ကမ်း နယ်မြေအတွင်းမှာ လမ်းသစ်လမ်းနှင့် ဝါးတန်းလမ်းအကြား သိုလှောင်ရုံအမှတ် (၉၅) ကနေ (၁၀၀) အထိ အလျား ၃၀၀ ပေနဲ့ အနံ ၄၅ ပေရှိတဲ့ သွပ်မိုးသွပ်ကာ တစ်ထပ်သိုလှောင်ရုံအဆောက်အဦတစ်ခုကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကနေ ငှားရမ်းထားခြင်းဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းရဲ့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ဟာ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာ ဆန်စီးဆင်းမှုမှန်ကန်ရေး၊ ဈေးကွက်တည်ငြိမ်မှန်ကန်စွာဖြစ်ပေါ်လာရေး၊ သိုလှောင်ဈေးကစားမှုမပြုရေး၊ ပစ္စည်းမှန်ဈေးမှန်ရောင်းဝယ်နိုင်ရေးနှင့် ပြည်ပကိုဆန်စပါး

တိုးတက်တင်ပို့ရေးတို့ကို အဓိကရည်ရွယ်ပြီးတော့ ဆန်စပါးကုန်စည်ဒိုင်အဖြစ် ကျွန်တော်တို့ ဖွင့်လှစ်ထားခြင်းဖြစ်ပါတယ်။ လက်ရှိမှာ အသင်းသားအင်အား ၁၃၄၀၀ ကျော်ရှိပြီးတော့ ဒီဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ဟာ မြန်မာနိုင်ငံမှာအရေးအကြီးဆုံး၊ အချက်အချာအကျဆုံး အဓိက ဆန်လက်ကားရောင်းဝယ်တဲ့ကုန်စည်ဒိုင်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ နေ့စဉ်ဆန်ပေါက်ဈေးနှုန်းကိုလည်း ပြည်တွင်းဆန်ပေါက်ဈေးနှုန်းထားအတိုင်း ပြဋ္ဌာန်းပြီးတော့ ရောင်းဝယ်ဖောက်ကားလျက်ရှိတဲ့ကုန်စည်ဒိုင်တစ်ခုဖြစ်ပါတယ်။ ထို့အတူ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးအရှေ့၊ အနောက်အစရှိတဲ့ ရန်ကုန်တိုင်းအတွင်းနဲ့ ရန်ကုန်တိုင်းပြင်ပမှာရှိတဲ့မြို့နယ်များမှလာရောက်ကြတဲ့ ကျွန်တော်တို့ ဆန်စပါးများနဲ့ပတ်သက်ပြီး အဓိကသင်္ဘောများ ဆိပ်ကမ်းဆိုက်ကပ်တဲ့နေရာဖြစ်တဲ့အတွက်ကြောင့် ဆန်စပါးကုန်စည်ဒိုင်ဟာ ကျွန်တော်တို့ ရန်ကုန်မြို့မှာဆိုရင် အသင့်တော်ဆုံးနေရာအဖြစ် လက်ရှိ ကျွန်တော်တို့ဖွင့်လှစ်ရောင်းချလျက်ရှိခြင်းဖြစ်ပါတယ်။ ဒီ့အပြင် ကျွန်တော်တို့ ရန်ကုန်မြို့အတွင်းကိုရောက်ရှိလာတဲ့ နေ့စဉ်ဆန်ပမာဏစာရင်းဇယားကိုလည်း မှန်ကန်တိကျစွာတွက်ချက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနဲ့ ဆက်သွယ်ပြီးတော့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိတဲ့ ကုန်စည်ဒိုင်တစ်ခုဖြစ်ပါတယ်။ ထို့အတူ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်ပကို ကျွန်တော်တို့ ဆန်တန်ချိန် ၁.၄ သန်းအထိ တင်ပို့နိုင်ခဲ့တဲ့ကုန်စည်ဒိုင်တစ်ခုလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်တွင်းဆန်စီးဆင်းမှုအချက်အချာအကျဆုံးနဲ့ နိုင်ငံတကာကုန်သည်များနှင့် ပြည်ပဧည့်သည်များ ဝင်/ထွက်သွားလာမှု နီးစပ်လွယ်ကူတဲ့ ကျွန်တော်တို့ ဆိပ်ကမ်းနယ်မြေမှာရှိတဲ့ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်ကို နိုင်ငံတကာကုန်စည်ဒိုင်အဖြစ်ပြင်ဆင်ပြီးတော့ ပြည်တွင်း/ပြည်ပဈေးကွက်မှာ ဝင်ရောက်နိုင်ရေးအတွက်နဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ မေးမြန်းခြင်းဖြစ်ပါတယ်။ မေးမြန်းတဲ့မေးခွန်းကတော့ နံပါတ်(၁)ကတော့ လက်ရှိသိုလှောင်ရုံကို နိုင်ငံတကာအဆင့်မီကုန်စည်ဒိုင် (Commodity Exchange Center) အရင်ဘေးမှာရှိတဲ့အဆောက်အဦကြီးကဆို မြန်မာ့လယ်ယာစီးပွား အများပိုင်ကုမ္ပဏီလီမိတက် (MAPCO) ဖြစ်ပါတယ်။ (MAPCO) ရဲ့ဘေးနားမှာကပ်လျက်ကတော့ သွပ်မိုး၊ သွပ်ကာအဆောက်အဦ ဒါကျွန်တော်တို့ ဆန်စပါးကုန်စည်ဒိုင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိသိုလှောင်ရုံကို နိုင်ငံတကာအဆင့်မီကုန်စည်ဒိုင်အဖြစ် အဆင့်မြှင့်တင်ရန် ပြင်ဆင်ခွင့်ပြု/မပြု။ နံပါတ်(၂)အနေနဲ့ ခေတ်မီဆန်စပါးကုန်စည်ဒိုင် အဆောက်အဦကို မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းကနေ BOT စနစ်နဲ့ ရင်းနှီးမြှုပ်နှံတည်ဆောက်ပြီးတော့ တည်ဆဲရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းစည်းကမ်းပါ

အစီအစဉ်များအတိုင်း လွှဲပြောင်းသုံးစွဲဆောင်ရွက်ခွင့်ပြုရန်အစီအစဉ်ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေရန် ပဏာမဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ စောစောပိုင်းကမေးတဲ့မေးခွန်းကို ဖြေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အဓိကဆိပ်ကမ်းဖြစ်တဲ့ ရန်ကုန်မြို့ဆိပ်ကမ်းဟာဆိုလို့ရှိရင် အခုလက်ရှိ နိုင်ငံတကာကုန်စည် အတင်အပို့အားလုံးကိုလည်း တာဝန်ယူတာဖြစ်ပါတယ်။ နောက်တစ်ချက်က အခုနက အမေးမှာပါသွားတဲ့အတိုင်းပဲ ကျွန်တော်တို့ ရန်ကုန်မြို့နဲ့မြစ်ဝကျွန်းပေါ်ဒေသအားလုံး နောက်တစ်ခါ ကျွန်တော်တို့ ဒီ Coa sale ပေ့ါ။ ကျွန်တော်တို့ ဒီဒေသအားလုံးရဲ့ ကုန်တင်/ကုန်ချဆောင်ရွက်တာဖြစ်ပါတယ်။ လောလောဆယ် ကျွန်တော်တို့ ဆန်စပါးနဲ့ပတ်သက်ပြီးတော့ သီလဝါဆိပ်ကမ်းမှာ ဆိပ်ကမ်းဧရိယာ ၃၇ နေရာရှိပါတယ်။ ၃၇ နေရာမှာ တစ်နေရာမှာ ၃၇ ဧကနှင့် ၃၇ နေရာ ကျွန်တော်တို့ဆိပ်ကမ်းတွေကို သတ်မှတ်ထားတာဖြစ်ပါတယ်။ အဲ့ဒီနေရာမှာ ကျွန်တော်တို့ကောက်ပဲသီးနှံ၊ ဆန်စပါးနှင့်ပတ်သက်ပြီးတော့ စုစုပေါင်း ကျွန်တော်တို့ ငါးနေရာ သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဒီနေရာသည် နောင်တစ်ချိန်မှာ နိုင်ငံတကာအတွက် Export၊ Import လုပ်မယ့် ကျွန်တော်တို့ Agro Base သီးနှံများ တင်ပို့ဖို့ဖြစ်ပါတယ်။ ယခုကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီလမ်းမတော်ကမ်းနားဒေသအဆင့်မြှင့်တင်ရေးဆိုပြီးတော့ ကျွန်တော်တို့ Part Master Plan မှာပါထားပြီးဖြစ်ပါတယ်။ အဲ့ဒီ Master Plan ရဲ့ အဓိကကတော့ ကျွန်တော်တို့ မြစ်တွင်းသွား၊ ပြည်တွင်းသွားရေယာဉ်အားလုံးဆိုက်ကပ်ဖို့အတွက် ပြည်တွင်းသွား ခေတ်မီတဲ့ဆိပ်ကမ်းတစ်ခုဆောက်ဖို့အတွက်ဖြစ်ပါတယ်။ အဲ့ဒီဆိပ်ကမ်းမှာ အခုနက ကိုယ်စားလှယ်တော်ကြီးမေးတဲ့ ကျွန်တော်တို့ Commodity Exchange Center အခုနက သူတင်ပြထားတဲ့ Center ဒါလည်းပါထားပြီးဖြစ်ပါတယ်။ Master Plan မှာလည်း ဥက္ကဋ္ဌကြီး ဒီဟာနေရာပါထားပြီးဖြစ်ပါတယ်။ ဒီနေရာဟာ သတ်မှတ်ထားပြီးဖြစ်ပါတယ်။ အဲ့ဒီ Master Plan တင်ဒါခေါ်တဲ့ အခါမှာ အသင်းအဖွဲ့အနေနဲ့ အခုနနေရာကို တင်ဒါလျှောက်ထားပြီးတော့ BOT နဲ့ဆောင်ရွက်ဖို့အစီအစဉ်ရှိပြီးဖြစ်ကြောင်း ဖြေကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**မိုင်းရှူးမြို့နယ်တွင် လိုအပ်နေသောမီးသတ်ယာဉ်နှင့် မီးသတ်ရုံးအဆောက်အဦအတွက် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်တင်ရွှေ မိုင်းရှူးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်ရွှေ(မိုင်းရှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရွှေဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းရှူးမြို့နယ်မှာ ကိုယ်ထူကိုယ်ထမီးသတ်ယာဉ်တစ်စီးသာရှိတဲ့အတွက် မြို့အတိုင်းအတာအရ လုံလောက်မှုမရှိသေးပါ။ ယခင်က ကိုယ်ထူကိုယ်ထဆောက်လုပ်ထားတဲ့ မီးသတ်အဆောက်အဦဟာလည်း ဟောင်းနွမ်းပျက်စီးနေပြီး ယာဉ်ဝင်ထွက်ရန်ခက်ခဲသော လမ်းကြားအတွင်းသို့ရောက်ရှိနေပြီးဖြစ်ပါတယ်။ မီးသတ်ရုံးအဆောက်အဦ အသစ်ဆောက်လုပ်ရန် မြေနေရာရရှိထားပြီးဖြစ်ပါသဖြင့် အောက်ပါမေးခွန်းများကို ရိုသေစွာမေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) မီးသတ်ယာဉ်အသစ်တစ်စီး ထပ်မံချထားပေးရန် အစီအစဉ်ရှိ/မရှိ။ မေးခွန်း(၂) မီးသတ်အဆောက်အဦအသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မေးခွန်း(၃)ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်နည်း။ မရှိပါကအဘယ်ကြောင့်နည်း။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရွှေရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော်ကပဲ ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်မှာ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၇ အုပ်စု၊ မြို့ပေါ်အိမ်ခြေ ၁၅၆၄ လုံးနဲ့

မြို့ပေါ်လူဦးရေ ၂၂၄၄၆ ဦး၊ ဌာနဆိုင်ရာ အဆောက်အဦ ၂၄ လုံးရှိပါတယ်။ ဒီမြို့နယ်မှာ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ထိ မီးလောင်မှု ၁၅ ကြိမ် ဖြစ်ပွားခဲ့ပြီးတော့ ဆုံးရှုံးမှုတန်ဖိုးငွေကတော့ကျပ် ၅၄၃၄၀၀၀၀ ခန့်ဆုံးရှုံးခဲ့ပါတယ်။ မိုင်းရှူးမြို့နယ် မီးသတ်စခန်းက မူလ သုံးယူနစ်အဆင့်ဖွဲ့စည်းပုံခွင့်ပြုမိန့်ဖြင့် ဒုတိယမီးသတ်ဦးစီးမှူးတစ်ဦး၊ လက်ထောက်မီးသတ်ဦးစီးမှူးတစ်ဦး၊ မီးသတ်တပ်ကြပ်ကြီးသုံးဦး၊ မီးသတ်တပ်ကြပ်သုံးဦး၊ မီးသတ်ဒုတိယတပ်ကြပ်တစ်ဦး၊ မီးသတ်တပ်သားခြောက်ဦး စုစုပေါင်းဝန်ထမ်းအင်အား ၁၅ ဦးနဲ့ မီးသတ်ယာဥ်သုံးစီးထားရှိရမှာဖြစ်ပေမယ့် လက်ရှိလက်ထောက်မီးသတ်ဦးစီးမှူးတစ်ဦး၊ မီးသတ်ဒုတိယတပ်ကြပ်တစ်ဦး၊ မီးသတ်တပ်သားရှစ်ဦး၊ စုစုပေါင်းအင်အား ၁၀ ဦးနဲ့ ဖောလ်မီးငြိမ်းသတ်ယာဥ်တစ်စီး၊ ဟီးနိုးမီးသတ်ရေသယ်ယာဥ်တစ်စီး၊ အီစူးဇူးမီးသတ်စက်ယာဥ်တစ်စီး၊ စုစုပေါင်းမီးသတ်ယာဥ်သုံးစီးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၇ ဦးတို့ဖြင့် မိုင်းရှူးမြို့နယ်ရဲ့ မီးဘေးကြိုတင်ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မိုင်းရှူးမြို့နယ်ဟာသုံးယူနစ်အဆင့် ဖွဲ့စည်းပုံခွင့်ပြုထားရှိပြီးဖြစ်ပြီးတော့ စခန်းယူနစ်သတ်မှတ်ချက်အရထားရှိရမယ့် မီးသတ်ယာဥ်သုံးစီးလည်းထားရှိပြီးဖြစ်လို့ ယူနစ်သတ်မှတ်ချက်ပြည့်မီပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မီးသတ်ယာဥ်သုံးစီးအနက် ဖောလ်မီးငြိမ်းသတ်ယာဥ်ကို မိုင်းရှူးမြို့ပေါ် မီးသတ်စခန်းမှာထားရှိပြီး ကျန်တဲ့ဟီးနိုးမီးသတ်ရေသယ်ယာဥ်နဲ့ အီစူးဇူးမီးသတ်စက်ယာဥ်တို့ကို လုပ်ငန်းလိုအပ်ချက်အရ မိုင်းရှူးမြို့မှ ၁၉ မိုင်ဝေးတဲ့ လွိုင်ဆောင်ထောက်၊ မိုင်းရှူးရတနာမြေ တောင်ပေါ်မှာထားရှိပြီးတော့ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ ဝယ်ယူရရှိပြီးဖြစ်တဲ့မီးသတ်ယာဥ်များ ရောက်ရှိပြီးဖြစ်တဲ့အတွက် ယင်းတို့ထဲမှတစ်စီးအား မကြာမီမိုင်းရှူးအတွက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ် မီးသတ်စခန်းကို မိုင်းရှူးမြို့နယ်၊ (၄) ရပ်ကွက်၊ ဘုရားကြီးလမ်း၊ မြေဧရိယာ ၃.၃၅ ဧကပေါ်မှာ ၃၀x၆၀ ပေ သွပ်မိုးယာယီအဆောက်အဦရှိတဲ့ အရန်မီးသတ်စခန်းမှာ အခြေချဖွင့်လှစ်ထားရှိပြီးတော့ မိုင်းရှူးမြို့နယ် မီးသတ်စခန်းကို မိုင်းရှူးမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ ပတ္တမြားမြို့ကွက်သစ်၊ ဘောလုံးကွင်းရပ်၊ ကွင်းအမှတ်(၄)မှာရှိတဲ့ မြေဧရိယာ ၀.၉၅ ဧကပေါ်မှာ ဆောက်လုပ်ရန်မြေပေးမိန့်ရရှိထားပြီးလည်းဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မိုင်းရှူးမြို့နယ် မီးသတ်စခန်းအတွက်ကို ၆၅x၅၂ ပေ ရှိတဲ့ နှစ်ထပ်မီးသတ်စခန်းအဆောက်အဦတစ်လုံး၊ ၁၀၀x၄၀ ပေ ရှိတဲ့ လေးခန်းတွဲနှစ်ထပ်ဝန်ထမ်းနေအိမ်တစ်လုံးတို့ကို ဆောက်လုပ်ပေးရန်နှင့် မီးငြိမ်းသတ်ယာဥ်တစ်စီး ဖြည့်တင်းပေး

ဖို့အတွက်ကို ရှမ်းပြည်နယ်(တောင်ပိုင်း) မီးသတ်ဦးစီးဌာနကနေပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၁ ရက်စွဲပါစာအမှတ်ဖြင့် တင်ပြထားပြီးဖြစ်ပါတယ်။ အလားတူ ရှမ်းပြည်နယ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါစာ အမှတ်ဖြင့် ခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြထားပြီးဖြစ်လို့ ခွင့်ပြုမိန့်ရရှိပါက ဖြည့်ဆည်းဆောက် လုပ်ပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုထိရောက်အောင်ဆောင်ရွက် နိုင်ရန် မြို့နယ်တိုင်းမှာဦးစီးအရာရှိ ဦးစီးအင်အားကိုးဦးပါဝင်တဲ့မြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံးတစ်ရုံး နဲ့ ဒုတိယမီးသတ်ဦးစီးမှူးဦးစီးတဲ့အင်အား ၂၈ ဦး၊ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီးနဲ့ မီးသတ်စက်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ်လေးစင်း ပါဝင်တဲ့မြို့နယ် မီးသတ်စခန်း တစ်ခုတို့ဖြင့် တာဝန်ချထားသွားရန်အတွက်ကိုလည်း နိုင်ငံတော်ကိုဖွဲ့စည်းပုံခွင့်ပြုမိန့် တင်ပြတောင်းခံ ခဲ့ရာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာကျင်းပတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃၄/၂၀၁၃)ဖြင့် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဖွဲ့စည်းပုံခွင့်ပြုမိန့်နှင့်အညီ မိုင်းရှူးမြို့နယ် မီးသတ်စခန်းရဲ့လိုအပ်ချက်များကို ဖြည့်တင်း ပေးနိုင်ရေးအတွက် ဘဏ္ဍာငွေခွင့်ပြုမိန့်တင်ပြတောင်းခံဖြည့်ဆည်းသွားမှာ ဖြစ်ပါကြောင်းပြန်လည် ဖြေရှင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တမူးခရိုင်၊ မြို့သစ်မြို့နယ်ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာ အဆောက်အဦး များကိုလာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစပြီး နှစ်အလိုက်စီမံချက်များချမှတ်ပြီး အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေ တမူးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် မြို့သစ်မြို့နယ် ခွဲဟာ အထူးခက်ခဲတဲ့ဒေသဖြစ်ပြီးတော့မှ လစာနှစ်ဆ ခံစားခွင့်ရရှိတဲ့ဒေသလည်းဖြစ်ပါတယ်။ ယခင် ကတော့ နိုင်ငံတော်အကြီးအကဲများက ကဘော်ချိုင့်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေး အထူးစီမံကိန်းများချမှတ် ဆောင်ရွက်ခဲ့တဲ့ ဒေသလည်းဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်ကဆောင်ရွက်ခဲ့ကြတဲ့ ပလပ်နားမှာ

တည်ဆောက်ခဲ့ကြတဲ့ ဝန်ထမ်းအိမ်ရာအဆောက်အဦများကို ယခုအခါမှာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင်အဖြစ်သတ်မှတ်ပြီးတော့မှ မြို့သစ်မြို့နယ်ခွဲမှာရှိကြတဲ့ ဌာနဆိုင်ရာဝန်ထမ်းများကို နေထိုင် စေလျက်ရှိပါတယ်။ အဲ့လိုနေထိုင်ရတဲ့အတွက် အဲ့ဒီမှာရောက်ရှိနေကြတဲ့ဝန်ထမ်းများဟာလည်းပဲ အင်မတန်မှ ကျေးဇူးတင်ဝမ်းသာလျက်ရှိပါတယ်။ ဒါပေမယ့် ယခုအခါမှာတော့ အဲ့ဒီအဆောက်အဦ တွေဟာ နှစ်ပေါင်း ၂၀ ခန့်ကြာမြင့်လာပြီဖြစ်တဲ့အတွက် အမိုးတွေမလုံတော့ခြင်း၊ ကြမ်းခင်းတွေမှာ အောက်သို့ နိမ့်ကျခြင်းများနဲ့ကြုံတွေ့ကြရပါတယ်။ မိုးတွင်းအခါကာလများမှာဆိုရင် အမိုး မိုးမလုံတဲ့ အတွက် ဌာနဆိုင်ရာဝန်ထမ်းများဟာ ပလပ်စတစ်များနဲ့ အတွင်းထဲမှာခံပြီးတော့မှ နေရတဲ့အဆင့်မျိုး ရှိလာပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီဒေသမှာရှိကြတဲ့ဝန်ထမ်းများက ဒီအဆောက်အဦများကို ပြန်လည် ပြီးတော့မှ ပြင်ဆင်ပေးစေလိုဆိုတဲ့ဆန္ဒများရှိပါတယ်။ ဒါပေမယ့် ပြင်ဆင်မယ်ဆိုရင်လည်းပဲ ဒီပြင်ဆင် မှုဟာ အကြီးစားပြင်ဆင်မှုတွေ ဆောင်ရွက်ရမှာဖြစ်ကြောင်းသိရပါတယ်။ ဒါကြောင့်မို့လို့ ဖြစ်နိုင်ရင် တော့ ပြင်ဆင်မှုများထက်ထပ်မံ၍အသစ်ဆောက်လုပ်ပေးခြင်းဟာ ပိုပြီးတော့မှ သင့်လျော်မယ်လို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဒေသဟာ ဝန်ထမ်းများအတွက် စားသောက်နေထိုင်ရေး အင်မတန် ခက်ခဲတဲ့ဒေသလည်းဖြစ်ပါတယ်။ သက်ဆိုင်ရာဒေသခံတွေကလည်းပဲ ဖွံ့ဖြိုးမှုနောက်ကျခဲ့တဲ့ နေရာ လည်းဖြစ်တဲ့အတွက် ဒေသခံပြည်သူများကလည်းပဲ အဆိုပါဝန်ထမ်းများကို သူတို့ဒေသမှာ နေထိုင် ရေးအဆင်ပြေစေနိုင်ဖို့အတွက် ဒီဝန်ထမ်းများရဲ့အိမ်ရာများကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပြန်လည်ဆောက်လုပ်ပေးစေလိုကြောင်း ပြည်သူများကလည်းပဲ တင်ပြလာပါတယ်။ ဒါကြောင့်မို့လို့ မြို့သစ်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ယာအဆောက်အဦများကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်အလိုက်စီမံချက်များချမှတ်ပြီး ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် ရှိပါကမည်သို့စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနဲ့ မရှိပါကလည်းပဲ မည်သည့်အတွက် ကြောင့် မရှိကြောင်းသိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ် ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရွှေရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်

ဖြေရှင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား (၁)၊ ပုဒ်မ ၁၈၈ ရဲ့ဇယား(၂)မှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီးရုံးရဲ့ ၂၀၁၁ ခုနှစ်၊ စက်တင် ဘာလ ၁၅ ရက်စွဲပါစာအမှတ်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစပြီး ဆောင်ရွက်ရန်ဖြစ်တဲ့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြို့နယ်ရှစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ရသုံးငွေစာရင်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာထည့်သွင်းရေးဆွဲခဲ့ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ မြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများရဲ့ ရသုံးငွေစာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းမှာ ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ စစ်ကိုင်း တိုင်းဒေသကြီးတမူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဦးစီးအရာရှိနေအိမ် နှစ်ခန်းတွဲ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက်ကို ငွေကျပ် ၁၁.၅၂ သန်း၊ တမူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ နေအိမ်ဆောက်လုပ်ခြင်းလုပ်ငန်းအတွက်ကို ငွေကျပ် ၁၀.၉၂ သန်း၊ တမူးမြို့နယ် ဒုတိယဦးစီးမှူးနေအိမ် သုံးခန်းတွဲဆောက်လုပ်ခြင်းလုပ်ငန်းအတွက်ကို ငွေကျပ် ၁၇.၂၈၀ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိရာမှာ ၉၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါတယ်။ တမူးမြို့နယ် မြို့သစ်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း အတွက်ကို တမူးမြို့နယ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှာ တင်ပြ တောင်းခံထားမှုမရှိတဲ့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း (RE) မှာ ထည့်သွင်းတောင်းခံစေပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စိစစ်ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အလားတူဆောင်ရွက်ရမယ့် ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများကိုလည်းနှစ်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို သိရှိရပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ကာကွယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကာကွယ်ရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၂၃-၁-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၂၆-၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ဆွေးနွေးချက်ကိုတင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူတဲ့သူမရှိတဲ့အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကိုပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်ထဲရေးဝန်ကြီးဌာနကတင်သွင်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနကတင်သွင်းသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၂-၁-၂၀၁၄ ရက်နေ့) တွင် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၁၉၆ ချက်နှင့်စပ်လျဉ်း၍ အစီရင်ခံစာဖတ်ကြားရှင်းလင်းပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍

၂၄-၁-၂၀၁၄ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနကတင်သွင်းထားသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့လာသော အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့လာသော အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို ၂၃-၁-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၈ အရ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဖြန့်ဝေထားပါတယ်။ ယခု ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား အစီရင်ခံစာတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါသည်။

၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းအား ပြည်ထဲရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြထားပါသည်-

(က) လူသားတို့၏အသက်နှင့် ပစ္စည်းဥစ္စာတို့ကိုလည်းကောင်း၊ အခြေခံအဆောက်အအုံများနှင့်သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း အကြမ်းဖက်မှုကျူးလွန်ခြင်းကို တားဆီးကာကွယ်ရန်၊

(ခ) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် နည်းလမ်းမျိုးစုံအသုံးပြု၍ အကြမ်းဖက်မှုကျူးလွန်ခြင်းကို ကာကွယ်ရန်၊

(ဂ) အကြမ်းဖက်အုပ်စုများ၊ အကြမ်းဖက်သမားများ၊ ယင်းတို့၏ လှုပ်ရှားမှုများ၊ လှုံ့ဆော်မှုများ၊ အကြမ်းဖက်မှုကိုဖြစ်စေသည့် အကြောင်းအရင်းများနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများကို ဖော်ထုတ်၍ ကာကွယ်တားဆီးအရေးယူရန်၊

(ဃ) အကြမ်းဖက်မှုများကို ကာကွယ်ရေးနှင့်တားဆီးနှိမ်နင်းရေးတို့ ဆောင်ရွက်ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အာဆီယံကွန်ဗင်းရှင်းများနှင့် လိုက်လျောညီထွေအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(င) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်းပူးပေါင်း၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဒေသတွင်းငြိမ်းချမ်းရေးတို့ကို ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်နိုင်ရန်တို့ဖြစ်ပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၅-၁-၂၀၁၄ ရက်နေ့မှာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီအဖွဲ့

ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကျင်းပခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီစိစစ်ခဲ့ရာ ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အခန်း(၁) ခေါင်းစဉ်အား အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်ဟု ပြင်ဆင်ပါသည်။

(၂) အခန်း(၁) ပုဒ်မ ၂ ရှိ ဤဥပဒေသည် စကားရပ်အား ဤဥပဒေအရဟုလည်းကောင်း၊ အကြမ်းဖက်မှုစကားရပ်အား အကြမ်းဖက်မှုကိုဟု ပြင်ဆင်ပါသည်။

(၃) ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဈ)နှင့် (ည) တို့တွင် မည်သူမဆို စကားရပ်ဖြည့်စွက်ပြီး ဤဥပဒေရှိ နိုင်ငံတော်ပိုင် သို့မဟုတ် နိုင်ငံတော်အစိုးရပိုင်စကားရပ်အား နိုင်ငံပိုင်ဟု ပြင်ဆင်ပါသည်။

(၄) ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)ရှိ တောင်းဆိုချက်အပေါ် ခွင့်မပြုသည့်အခါ စကားရပ်အား တောင်းဆိုချက်ကို ခွင့်မပြုသည့်အခါဟု ပြင်ဆင်ပါသည်။

(၅) ပုဒ်မ ၃ ပုဒ်မခွဲ(ခ)ရှိ အကြမ်းဖက်မှုဆိုရာတွင် စကားရပ်အား အကြမ်းဖက်မှုဆိုသည်မှာဟု ပြင်ဆင်ပါသည်။

(၆) ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)အား အခန်း(၄)တွင် ပြဋ္ဌာန်းထားသော မြို့ပြလေကြောင်းပျံသန်းရေးနှင့်လေဆိပ်တို့ကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှုဟု ပြင်ဆင်ပါသည်။

(၇) ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂)အား အခန်း(၅)တွင်ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်များအပါအဝင် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအား ကျူးလွန်သည့်ပြုလုပ်မှုဟု ပြင်ဆင်ပါသည်။

(၈) ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၃)အား အခန်း(၆)တွင် ပြဋ္ဌာန်းထားသော ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုနှင့်စပ်လျဉ်း၍ ကျူးလွန်သည့်ပြုလုပ်မှုဟု ပြင်ဆင်ပါသည်။

(၉) ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄)အား အခန်း(၇)တွင် ပြဋ္ဌာန်းထားသော ဈူကလီးယား ဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ဈူကလီးယား အဆောက်အအုံများနှင့် သက်ဆိုင်သည့်ပြစ်မှုဟု ပြင်ဆင်ပါသည်။

(၁၀) ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၅)အား အခန်း(၈)တွင် ပြဋ္ဌာန်းထားသော ပင်လယ်ရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှုဟု ပြင်ဆင်ပါသည်။

(၁၁) ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၆)အား အခန်း(၉)တွင် ပြဋ္ဌာန်းထားသော ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှုဟု ပြင်ဆင်ပါသည်။

(၁၂) ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၇)အား အခန်း(၁၀)တွင် ပြဋ္ဌာန်းထားသော အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့်စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှုဟု ပြင်ဆင်ပါသည်။

(၁၃) ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၈)အား အခန်း(၁၁)တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှုဟု ပြင်ဆင်ပါသည်။

(၁၄) ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၉)အား အခန်း(၁၂)တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက်မှုကို ငွေကြေးနှင့်ပစ္စည်းထောက်ပံ့မှုနှင့် သက်ဆိုင်သည့်ပြစ်မှုဟု ပြင်ဆင်ပါသည်။

(၁၅) ပုဒ်မ ၃ ပုဒ်မခွဲ(ဂ)ရှိ ကျွန်းအတု စကားရပ်အား ကျွန်းဟု ပြင်ဆင်ပါသည်။

(၁၆) ပုဒ်မ ၃ ပုဒ်မခွဲ(ဆ)အား နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများဆိုသည်မှာ နိုင်ငံတော်၏ကိုယ်စားလှယ်၊ အစိုးရအဖွဲ့ဝင်များ၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးအဖွဲ့ဝင်များ၊ နိုင်ငံတော်၏ အရာထမ်း၊ အမှုထမ်းများ သို့မဟုတ် အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အစိုးရဌာနချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအတွက် ယင်းတို့၏ တရားဝင်တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ယာယီ သို့မဟုတ် အမြဲတမ်းနေထိုင်သော အဆောက်အအုံ သို့မဟုတ် အသုံးပြုသော ယာဉ်၊ စက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတို့ကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၇) ပုဒ်မ ၃ ပုဒ်မခွဲ(ဋ) ပုဒ်မခွဲငယ်(၁)ရှိ ဓာတုအဆိပ်အတောက်ပစ္စည်းများဖြင့် မရည်ရွယ်သည့် စစ်ရေးကိစ္စများစကားရပ်အား ဓာတုအဆိပ်အတောက်ပစ္စည်းများဖြင့် အသုံးပြုမည့် စစ်ရေးကိစ္စများဟုလည်းကောင်း၊ မရည်ရွယ်သည့်စကားရပ်အား အသုံးပြုရန်မရည်ရွယ်သည့်ဟု ပြင်ဆင်ပါသည်။

(၁၈) ပုဒ်မ ၃ ပုဒ်မခွဲ(ဍ)ရှိ နျူကလီးယားဒြပ်ပစ္စည်းဟု ဆိုရာတွင် စကားရပ်အား နျူကလီးယားဒြပ်ပစ္စည်းဆိုသည်မှာဟု ပြင်ဆင်ပါသည်။

(၁၉) ပုဒ်မ ၃ ပုဒ်မခွဲ(ဏ)ရှိ နျူကလီးယားအဆောက်အအုံဟုဆိုရာတွင် စကားရပ်အား နျူကလီးယားအဆောက်အအုံဟုဆိုရာတွင် အောက်ပါတို့ပါဝင်သည်ဟု ပြင်ဆင်ပါသည်။

(၂၀) ပုဒ်မ ၃ ပုဒ်မခွဲ(ဏ) ပုဒ်မခွဲငယ်(၁)နှင့်(၂)တို့ ရှိကိုမဆိုစကားရပ်အား ပယ်ဖျက်ပါသည်။

(၂၁) ပုဒ်မ ၃ ပုဒ်မခွဲ(ဏ) ပုဒ်မခွဲငယ်(၃)ရှိ မည်သည့်စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ သို့မဟုတ် အဆောက်အအုံကိုမဆို ဆိုသည်။ ယင်းအဆောက်အအုံကို ပျက်စီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းဖြစ်စေပါကစကားရပ်အားစက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ သို့မဟုတ် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံကိုဖျက်ဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းပြုပါကဟု ပြင်ဆင်ပါသည်။

(၂၂) ပုဒ်မ ၃ ပုဒ်မခွဲ(တ)ရှိ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဏ) ပုဒ်မခွဲငယ်(၁)ပါ စကားရပ်အား ပယ်ဖျက်ပါသည်။

(၂၃) ပုဒ်မ ၃ ပုဒ်မခွဲ(ထ) ပုဒ်မခွဲငယ်(၁)နှင့်(၂)တို့ရှိ ထိထိရောက်ရောက် စကားရပ်အား ဆိုးရွားစွာဟု ပြင်ဆင်ပါသည်။

(၂၄) ပုဒ်မ ၃ ပုဒ်မခွဲ(ဒ)ရှိ အချပ်အပြား ပုံသဏ္ဌာန်ရှိသည့် ပေါက်ကွဲစေတတ်သော ပလပ်စတစ်ဝတ္ထုပစ္စည်းကို ဆိုသည်စကားရပ်အား ပုံသဏ္ဌာန်တစ်မျိုးမျိုးဖြင့် ပေါက်ကွဲစေရန် ပြုလုပ်ထားသော ပလပ်စတစ်ဝတ္ထုပစ္စည်းကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၂၅) ပုဒ်မ ၃ ပုဒ်မခွဲ(ဓ)ရှိ ရှပ်ပြေးအမြန်ယာဉ်များပါဝင်သည် စကားရပ်အား ရှပ်ပြေးအမြန်ယာဉ်များလည်း ပါဝင်သည်ဟု ပြင်ဆင်ပါသည်။

(၂၆) ပုဒ်မ ၃ ပုဒ်မခွဲ(န)ရှိ ဤဥပဒေပါ စကားရပ်အား ပယ်ဖျက်ပါသည်။

(၂၇) ပုဒ်မ ၃ ပုဒ်မခွဲ (ပ) ရှိ ရုတ်ခြည်း အလျဉ်းသင့်သလို ဖွဲ့စည်းထားသည့် သဏ္ဌာန် မျိုးမဟုတ်ဘဲ အကြမ်းဖက်မှုကျူးလွန်ရန်နှင့် ပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ စကားရပ်တို့အား ပယ်ဖျက်ပြီး၊ လူနှစ်ဦးနှင့်အထက် စကားရပ်ရှေ့တွင် ဖွဲ့စည်းထားသည့် စကားရပ် ဖြည့်စွက်ပါသည်။

(၂၈) ပုဒ်မ ၃ ပုဒ်မခွဲ(ယ)ရှိ ပြည်ထောင်စုအစိုးရကစကားရပ်အား ပြည်ထောင်စုအစိုးရအဖွဲ့ ကဟု ပြင်ဆင်သဖြင့် ဤဥပဒေရှိပြည်ထောင်စုအစိုးရစကားရပ်အား ပြည်ထောင်စု အစိုးရအဖွဲ့ဟု အသီးသီး ပြင်ဆင်ပါသည်။

(၂၉) အခန်း(၃) ပုဒ်မ ၅ ပုဒ်မခွဲ(က)ရှိ အစိုးရဌာနနှင့် အဖွဲ့အစည်းများစကားရပ်အား အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများဟု ပြင်ဆင်သဖြင့် ဤဥပဒေရှိ အစိုးရဌာနနှင့် အဖွဲ့အစည်းများ စကားရပ်အား အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများဟု အသီးသီး ပြင်ဆင်ပါသည်။

(၃၀) အခန်း(၄) မှ အခန်း(၁၂)အထိ ခေါင်းစဉ်ရှိ နှိမ်နင်းရေးနှင့်တိုက်ဖျက်ရေး စကား ရပ်အား နှိမ်နင်းခြင်းနှင့် တိုက်ဖျက်ခြင်းဟု ပြင်ဆင်ပါသည်။

(၃၁) အခန်း(၄) ပုဒ်မ ၇၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀၊ အခန်း(၅) ပုဒ်မ ၁၅၊ အခန်း(၇) ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ ၊ အခန်း(၉) ပုဒ်မ ၃၃ ၊ အခန်း(၁၀) ပုဒ်မ ၃၅ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၉ တို့ရှိ ပြစ်မှုဖြစ်သည် စကားရပ်တို့အား ပြစ်မှုမြောက်သည်ဟု ပြင်ဆင်ပါသည်။

(၃၂) ပုဒ်မ ၇ ပုဒ်မခွဲ(ခ)ရှိ ဖြစ်စေတန်ရာအောင် စကားရပ်အား ဖြစ်စေရန်ဟု ပြင်ဆင်သဖြင့် ဤဥပဒေရှိ ဖြစ်စေတန်ရာအောင် စကားရပ်အား ဖြစ်စေရန်ဟု အသီးသီး ပြင်ဆင် ပါသည်။

(၃၃) ပုဒ်မ ၁၁ ပုဒ်မခွဲ(က)ရှိ ရဲဌာနဆိုင်ရာ စကားရပ်အား ရဲတပ်ဖွဲ့ဆိုင်ရာဟု ပြင်ဆင်သဖြင့် ဤဥပဒေရှိ ရဲဌာနဆိုင်ရာ စကားရပ်အား ရဲတပ်ဖွဲ့ဆိုင်ရာဟု အသီးသီး ပြင်ဆင် ပါသည်။

(၃၄) ပုဒ်မ ၁၂ ပုဒ်မခွဲ(က)ရှိ ပုဒ်မ ၁၁ အရ စကားရပ်အား ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ)အရဟု ပြင်ဆင်ပါသည်။

(၃၅) အခန်း(၅) ပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)ရှိ အန္တရာယ်ဖြစ်စေအောင် စကားရပ်အား အန္တရာယ်ဖြစ်စေရန် ရည်ရွယ်၍ဟု ပြင်ဆင်ပါသည်။

(၃၆) အခန်း(၆) ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ရှိ ငြင်းပယ်ခြင်း မပြုပါက စကားရပ်အား လက်ခံပါကဟု ပြင်ဆင်ပါသည်။

(၃၇) အခန်း(၇) ပုဒ်မ ၁၉ ပုဒ်မခွဲ(က)ရှိ ထိခိုက်ပျက်စီးစေအောင် စကားရပ်အား ထိခိုက်ပျက်စီးစေရန်ဟု ပြင်ဆင်ပါသည်။

(၃၈) ပုဒ်မ ၁၉ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မခွဲ(ဃ)တို့အား ပေါင်း၍ ပုဒ်မခွဲ(ခ)အဖြစ် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယား လက်နက်များကိုခိုးယူမှု လုယက်မှု၊ အလွဲသုံးစားပြုမှုနှင့် လိမ်လည်အတုပြုလုပ်မှုဟု ပြင်ဆင်ပါသည်။

(၃၉) ပုဒ်မ ၂၂ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ရှိ ခွင့်ပြုချက်မပေးရ စကားရပ်အား ခွင့်ပြုချက်ပေးခြင်းဟု ပြင်ဆင်ပါသည်။

(၄၀) ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)ရှိ ပြည်တွင်းရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် စကားရပ်အား ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့်ဟု ပြင်ဆင်ပါသည်။

(၄၁) ပုဒ်မ ၂၅ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃)ရှိ အကယ်၍ စကားရပ်၏နေရာတွင် နျူကလီးယား အဆောက်အအုံများဟုပြင်ဆင်ပါသည်။

(၄၂) ပုဒ်မ ၂၆ ပုဒ်မခွဲ(ဃ)ရှိ ပြည်တွင်းရေကြောင်း စကားရပ်အား ရေကြောင်း ဟုလည်းကောင်း ဂိတ် စကားရပ်အား နယ်စပ်ဝင်ထွက်ပေါက်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(၄၃) ပုဒ်မ ၂၇ ပုဒ်မခွဲ(ဇ)ရှိ လက်နက် အလားတူ ပစ္စည်းကိရိယာ စကားရပ်အား လက်နက်များနှင့် အလားတူပစ္စည်းကိရိယာများဟု ပြင်ဆင်ပါသည်။

(၄၄) ပုဒ်မ ၂၇ ပုဒ်မခွဲ(ဈ) ရှိ သေစေခြင်း စကားရပ်အား သေစေရန်ဟု ပြင်ဆင်ပါသည်။

(၄၅) ပုဒ်မ ၂၇ ပုဒ်မခွဲ(ည)ကို အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ခဲ့ကြောင်းသိလျက်နှင့် အကြမ်းဖက်သမားအား သဘောာဖြင့် ပို့ဆောင်ပေးမှုဟု ပြင်ဆင်ပါသည်။

(၄၆) ပုဒ်မ ၂၇ ပုဒ်မခွဲ(ဋ)အား ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ည)အထိပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် တစ်နည်းနည်းဖြင့်ခြိမ်းခြောက်မှုဟု ပြင်ဆင်ပါသည်။

(၄၇) ပုဒ်မ ၂၈ ရှိ နိုးနိုးကြားကြား စကားရပ်အား အထူးဟု ပြင်ဆင်ပါသည်။

(၄၈) ပုဒ်မ ၂၈ ပုဒ်မခွဲ(ခ)ရှိ ဆိပ်ကမ်း လွယ်ကူအဆင်ပြေ အသုံးပြုနိုင်ရေး စကားရပ်အား ဆိပ်ကမ်းများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရေးနှင့်ဟု ပြင်ဆင်ပါသည်။

(၄၉) ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)ရှိ လုံခြုံမှု စကားရပ်အား လုံခြုံမှုတို့ကိုဟု ပြင်ဆင်ပါသည်။

(၅၀) ပုဒ်မ ၃၀ ပုဒ်မခွဲ(က)ရှိ ဤအခန်းပါ စကားရပ်ရှေ့တွင် ရေယာဉ်မှူးသည်ဟု ဖြည့်စွက်ပါသည်။

(၅၁) ပုဒ်မ ၃၂ ရှိ မသက်ဆိုင်စကားရပ်အား မသက်ဆိုင်စေရဟု ပြင်ဆင်ပါသည်။

(၅၂) ပုဒ်မ ၃၃ ပုဒ်မခွဲ(ဃ)ရှိ ပျက်စီးစေအောင် စကားရပ်အား ပျက်စီးစေရန်ဟု ပြင်ဆင်ပါသည်။

(၅၃) ပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)ရှိ မညီညွတ်သော စကားရပ်အား အကျုံးမဝင်သောဟု ပြင်ဆင်ပါသည်။

(၅၄) အခန်း (၁၂) ပုဒ်မ ၄၂ ရှိ မည်သူမဆိုသိလျက်နှင့် စကားရပ်အား မည်သူမဆို သိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေဟု ပြင်ဆင်ပါသည်။

(၅၅) ပုဒ်မ ၄၇ ပုဒ်မခွဲ(က)ရှိ ရောက်ရှိမသွားစေရေး စကားရပ်အား မရောက်ရှိစေရေးဟု ပြင်ဆင်ပါသည်။

(၅၆) အခန်း (၁၄) ပုဒ်မ ၅၅ ရှိ ဤဥပဒေပါ စကားရပ်များအား ပယ်ဖျက်ပါသည်။

(၅၇) ပုဒ်မ ၅၆ ပုဒ်မခွဲ(က)ကို တရားရုံးသည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့် အမိန့်ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၅၈) ပုဒ်မ ၅၆ ပုဒ်မခွဲ(ခ)အား ပယ်ဖျက်ပါသည်။

(၅၉) အခန်း(၁၆) ခေါင်းစဉ်အား တရားခံလွှဲပြောင်းပေးခြင်းဟုလည်းကောင်း ပုဒ်မ ၅၉ အား အကြမ်းဖက်သမားတရားခံအား လွှဲပြောင်းပေးခြင်းနှင့် စပ်လျဉ်း၍ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၆၀) ပုဒ်မ ၅၉ ပုဒ်မခွဲ (က)ရှိ စာချုပ်ရှိဘိသကဲ့သို့ စကားရပ်အား ပယ်ဖျက်ပါသည်။

(၆၁) ပုဒ်မ ၅၉ ပုဒ်မခွဲ(ဂ)ရှိ တရားခံလွှဲပြောင်းရေးကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံရှိ အာဏာပိုင်နှင့်ဆက်သွယ်ညှိနှိုင်းပြီး စကားရပ်အား ပယ်ဖျက်ပါသည်။

(၆၂) အခန်း(၁၈) ပုဒ်မ ၆၃ ပုဒ်မခွဲ(က)အား တည်ဆဲဥပဒေနှင့်အညီ နိုင်ငံ့ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေဟု ပြင်ဆင်ပါသည်။

(၆၃) ပုဒ်မ ၆၃ ပုဒ်မခွဲ(ခ)အား ပယ်ဖျက်ပါသည်။

(၆၄) ပုဒ်မ ၆၄ ရှိ အသုံးပြုရန် ခွင့်ပြုခြင်းနှင့် ကုန်ကျစရိတ်များကျခံရန်ခွင့်ပြုခြင်း ပြုနိုင်သည် စကားရပ်အား အသုံးပြုရန်နှင့်ကုန်ကျစရိတ်များကျခံရန် ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၆၅) အခန်း(၁၉) ပုဒ်မ ၇၂ ပုဒ်မခွဲ(က)ကို ပြည်ထဲရေးဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၆၆) ပုဒ်မ ၇၂ ပုဒ်မခွဲ(ဂ)ကို လုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

၅။ သို့ဖြစ်ပါ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်ကို တိကျစွာဖော်ပြ၍ ၆-၂-၂၀၁၄ ရက်(ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်(အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၀း၅၅ နာရီအချိန်တွင်ရပ်နားပါသည်။]